# အရှေ့တောင်အာရှနဲ့စစ်အေးကာလ

Virtual Federal University

သမိုင်းဆိုင်ရာဟောပြောချက် သင်ခန်းစာ ၃

Virtual Federal University ဖက်ဒရယ်တက္ကသိုလ်က ကျောင်းသူကျောင်းသားတွေအတွက် အရှေ့တောင်အာရှနဲ့ စစ်အေးကာလ သင်ခန်းစာ ၃ မှာ အရှေ့တောင်အာရှစာချုပ်အဖွဲ့ ဆီတိုးလို့ လူသိများတဲ့ Southeast Asia Treaty Organization (SEATO) အကြောင်းပြောမှာ ဖြစ်ပါတယ်။ ဆီတိုးကိုဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ၁၉၅၄မှာ စက်တင်ဘာလ ၈ရက်နေ့မှာ ဩစတြေးလျ၊ ပြင်သစ်၊ နယူးဇီလန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗြိတိန်နိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စု စုစုပေါင်း ၈နိုင်ငံက လက်မှတ်ရေးထိုး ဖွဲ့စည်းခဲ့ကြပါတယ်။ စာချုပ်အသက်ဝင်တာကတော့ ၁၉၅၅ ဖေဖော်ဝါရီ ၁၉ရက်နေ့ကျမှပါ။

ဒီစာချုပ်အဖွဲ့ကို ဖွဲ့ရခြင်းရဲ့အဓိကရည်ရွယ်ချက်က အရှေ့တောင်အာရှမှာ ကွန်မြူနစ်တွေရဲ့ ဩဇာလွှမ်းမိုးလာမှုကို ဟန့်တားဖို့ ဖြစ်တယ်။ စာချုပ်ထဲမှာ ရေးထားတာကတော့ စာချုပ်ဒေသထဲက ပြည်သူတွေ ချမ်းသာရေး၊ ဖွံ့ဖြိုးတိုးတက်ဖို့၊ ငြိမ်းချမ်းမှုနဲ့ လွတ်လပ်မှုအတွက်၊ ဒီမိုကရေစီဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ကာကွယ်ဖို့၊ တစ်ဦးချင်းလွတ်လပ်ခွင့်ကို စောင့်ရှောက်ဖို့၊ ဥပဒေစိုးမိုးဖို့ ဆိုပြီး ရေးထားပါတယ်။

စာချုပ်ကို ပြင်ဆင်တုန်းက လက်မှတ်ထိုးကြတဲ့ နိုင်ငံတွေအကြားမှာ စကားများကြတာရှိတယ်။ အဲဒါကတော့ ၁) ဗြိတိန် အပါအဝင်စာချုပ်အဖွဲ့ဝင်နိုင်ငံတချို့က စာချုပ်ချုပ်ရခြင်းရဲ့ရည်ရွယ်ချက်ကို ကွန်မြူနစ်တွေရဲ့ရန်စခြင်း၊ ရန်လိုခြင်း aggression ကို ခုခံဖို့ဆိုတာထက် ဘယ်နိုင်ငံရဲ့ရန်စခြင်းကိုမဆို ခုခံဖို့ဆိုပြီး စကားလုံးကို ယေဘူယျပုံစံမျိုးပဲ သုံးချင်တယ်။ အမေရိကန်ကတော့ ကွန်မြူနစ်တွေရဲ့ရန်စခြင်းဆိုပြီး တိကျတဲ့စကားလုံး အသုံးအနှုန်းကို သုံးချင်တယ်။ နောက်ဆုံးတော့ အမေရိကန်က စာချုပ်ထဲက ယေဘူယျအသုံးအနှုန်းကို သဘောတူပေမယ့် သူစစ်တပ်ကိုသုံးပြီး ကူညီမယ့်ကိစ္စဟာ ကွန်မြူနစ်တွေဘက်က ရန်စခြင်းကို ခုခံဖို့အတွက်ပဲ ဆိုပြီး ကြေညာတယ်။ ၂) အဲဒီအချိန်တုန်းက အာရှတိုက်မှာ ဓနသဟာယအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနဲ့ ပါကစ္စတန်ဟာ ကတ်ရှမီးယားဒေသနဲ့ ပတ်သက်ပြီး အချင်းများနေလို့ ဆီတိုးဖွဲ့လိုက်တာဟာ ဒီလို ပဋိပက္ခဖြစ်နေတဲ့ နိုင်ငံတွေကြားမှာ ဝင်ရောက်စွက်ဖက်ဖို့ မဟုတ်ဘူးလို့ ဩစတြေးလျက ကြေညာတယ်။[1]

[1] Ball (1958) 'A Political Re-Examination of SEATO.' *International Organization*, 12: 17–25

ဆီတိုးဖွဲ့တာကို အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံတချို့က ပြင်းပြင်းထန်ထန်ကန့်ကွက်တယ်။ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် သီဟာနုက ဆီတိုးရဲ့အကာအကွယ်ကို ယူသင့်တယ်ဆိုတဲ့ အယူအဆကို ပြင်းပြင်းထန်ထန် ရှုံ့ချသလို၊ လာအိုက ဘန်ဒေါင်းမူ ငါးချက်ကိုပဲ ဆက်ကိုင်စွဲမယ်။ ဆီတိုးဆီက ဘာအကူအညီမှ မယူဘူးလို့ သူကကြေညာတယ်။ မလေးယားကလဲ ဆီတိုးထဲဝင်ဖို့ ငြင်းတယ်။ အဲဒီတုန်းကအခေါ် သီဟိုဠ်ကျွန်း အခုသီရိလင်္ကာ နိုင်ငံကလည်း ဗြိတိသျှတပ်တွေ သူ့မြေပေါ်မှာဆက်ပြီး တပ်စွဲထားဖို့ ခွင့်မပြုတော့ဘူး။[2]

ဆီတိုးဟာ ကွန်မြူနစ်တွေရဲ့ ရန်လိုမှုကို ခုခံဖို့ဖွဲ့တယ်ဆိုပေမယ့် ဆီတိုးဟာ စစ်အင်အားသုံးပြီး ခုခံဖို့ထက် နိုင်ငံရေးနည်းနဲ့ ခုခံဖို့ ပြင်ဆင်တာလို့ နားလည်လို့ရတယ်။ ဒီနည်းဟာ ကွန်မြူနစ်တွေရဲ့ ၁၉၅၄ကစပြီး ပြောင်းလာတဲ့ နည်းဗျူဟာတွေကို တုန့်ပြန်တာဖြစ်တယ်။ ၁၉၅၄ ဂျီနီဗာကွန်ဖရင့်မှာ ဆိုဗီယက်နဲ့ တရုတ်ဟာ ဗီယက်နမ်ကို တောင်နဲ့မြောက် စစ်နယ်ခြားမျဉ်းနဲ့ပိုင်းပြီး နိုင်ငံခြားတပ်တွေ ပြန်ရုပ်ဖို့လို့ ခြုံနားလည်နိုင်တဲ့ စာချုပ်ကို လက်မှတ်ထိုးတယ်။ ဒီစာချုပ်နဲ့ ဗီယက်နမ်မှာ အပစ်အခတ်ရပ်ကြဖို့ သဘောတူတယ်။ အဲဒီလို လက်မှတ်ထိုးလို့ မြောက်ပိုင်းကနေ တောင်ပိုင်းကို တဖြည်းဖြည်း ထိုးဖောက်လာနိုင်နေတဲ့ ကွန်မြူနစ် ဗီယက်မင်းတွေဟာ သူတို့ရဲ့အကိုကြီးတွေ သူတို့ကို သစ္စာဖောက်သွားပြီဆိုပြီးပြောကြတယ်။ တခါကိုရီးယားမှာလဲ အပစ်အခတ်ရပ်ပြီး တောင်နဲ့မြောက်ကိုရီးယားတို့ ပြန်ပေါင်းစည်းဖို့အဆိုတွေကို တင်သွင်းကြတယ်။ အဲဒီလုပ်ရပ်တွေကိုကြည့်ပြီး ဆိုဗီယက်နဲ့တရုတ်ဟာ စစ်ဆင်မှုတွေကနေ နားချင်နေပြီလို့ အသစ်ဖွဲ့တဲ့ ဆီတိုးနိုင်ငံတွေက နားလည်ကြတယ်။

ဒါပေမယ့် အချုပ်အခြာအာဏာနိုင်ငံတွေက အစိုးရတွေကို ဖြုတ်ချနိုင်တဲ့ အန္တရာယ်ရှိတုန်းပဲလို့ ဆီတိုးစာချုပ်နိုင်ငံတွေက ယုံကြည်ကြတယ်။ အစိုးရတွေကို ကွန်မြူနစ်တွေက အောက်ကအချက်သုံးချက်နဲ့ ဖြုတ်ချနိုင်တယ်လို့ မဲလ်ဘုန်းတက္ကသိုလ်က ပါမောက္ခဘောက ရှင်းပြတယ်။ ၁) မလေးယားနဲ့ ဖိလစ်ပိုင်တို့မှာလို လက်နက်ကိုင်တော်လှန်တဲ့နည်း။ ၂) စင်္ကာပူမှာလို အကြမ်းမဖက် ဆန္ဒပြတဲ့နည်း။ ၃) ဥပဒေဘောင်ထဲကနည်းတွေ၊ စည်းရုံးရေးနဲ့ ရေဒီယိုတို့လို မီဒီယာတွေကနေ ဝါဒဖြန့်တဲ့နည်းတွေသုံးပြီး ဖြုတ်ချဖို့ ကြိုးစားနည်းသုံးနည်းဆိုပြီး သူက ရှင်းပြတယ်။[3]

ဆီတိုးနိုင်ငံတွေ စဉ်းစားတာက ဆိုဗီယက်နဲ့တရုတ်တို့ဟာ စစ်ရေးနည်းနဲ့ ရန်စတာတွေ မလုပ်တော့ဘူးလို့ ထင်ရပေမယ့် တကယ်တမ်းရန်စလာရင် ဘယ်လို တုန့်ပြန်ကြမလဲဆိုတာပဲ။ အဲဒီအတွက် ဆီတိုးနိုင်ငံတွေက ပြင်ဆင်မှုတွေ လုပ်ကြတယ်။ ဒီနေရာမှာ ဆီတိုးနိုင်ငံတွေ စိုးရိမ်တဲ့အချက်က အမေရိကားနဲ့စစ်ရေးအရ ပတ်သက်ရပြီဆိုရင် သူတို့ဟာ ဝါရှင်တန်ရဲ့တခြားနိုင်ငံခြားရေးရာ ပေါ်လစီတွေမှာပါ ဖိအားပေးခံရမလား ဆိုတာပါပဲ။

[2] Ibid.
[3] Ibid.

ပညာရှင်တွေ ဝေဖန်ကြတာကတော့ အမေရိကန်ခေါင်းဆောင်တဲ့ ဆီတိုးကြောင့် အာရှတိုက်ထဲက ကွန်မြူနစ်နဲ့ ကွန်မြူနစ်မဟုတ်တဲ့ နိုင်ငံတွေကြားက တင်းမာမှုတွေ လျော့မသွားတဲ့အပြင် အရှေ့နဲ့အနောက် တင်းမာမှုတွေ ပိုများလာတယ်။ တခါ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတွေနဲ့ ကျန်တဲ့ဓနသဟာယနိုင်ငံတွေကြားမှာ ကွဲပြားမှုတွေ ပိုများလာတယ်တဲ့။

အရှေ့နဲ့အနောက်ကြားက ကွာဟမှုတွေအကြောင်း ပါမောက္ခဘောက ရှင်းပြတဲ့အခါ အရှေ့က နိုင်ငံတွေဟာ လွတ်လပ်ရေးရခါစမှာ တိုင်းပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးဖို့ အမြန်ဆုံးနည်းနဲ့ လုပ်ဆောင်ဖို့ ဆန္ဒရှိကြတယ်။ သူတို့ဟာ ကမ္ဘာကို ချမ်းသာတဲ့နိုင်ငံတွေနဲ့ ဆင်းရဲတဲ့ နိုင်ငံတွေဆိုပြီး နှစ်မျိုးခွဲမြင်တယ်။ အမေရိကန်ခေါင်းဆောင်တဲ့ အနောက်အုပ်စုကတော့ ကမ္ဘာကို ဒီမိုကရေစီနိုင်ငံတွေနဲ့ ကွန်မြူနစ်နိုင်ငံတွေဆိုပြီး ခွဲမြင်တယ်။ အာရှက လွတ်လပ်စနိုင်ငံတွေအတွက် ချမ်းသာဖို့ဆိုရင် ဘယ်လိုပဲ သွားရသွားရ သိပ်အရေးမကြီးဘူး။ မြန်ဖို့ပဲလိုတယ်ဆိုတဲ့ အခြေအနေမျိုးတွေ ဖြစ်လာတဲ့အခါ အင်ဒိုနီးရှားမှာလို ထိန်းချုပ်မှုအောက်က ဒီမိုကရေစီ guided democracy ဆိုပြီး အာဏာရှင်ဆန်ဆန် ကျင့်သုံးလာတဲ့ ပုံစံဖြစ်လာတယ်။ အများဆန္ဒကိုယူပြီး အားလုံးကျေနပ်တဲ့ အနေအထားတစ်ခုကို ဖြည်းဖြည်းချင်း သွားမယ့်အစား၊ တနည်း ဒီမိုကရေစီလမ်းကြောင်းပေါ် ဖြည်းဖြည်းချင်းသွားမယ့်အစား အနောက်ကမ္ဘာလို ချမ်းသာဖို့ အစိုးရ ဒါမှမဟုတ် လူနည်းစုကပဲ ဆုံးဖြတ်ချက်တွေချ၊ အစီအစဉ်တွေဆွဲပြီး နိုင်ငံကို ပဲ့ကိုင်ဆွဲခေါ်တဲ့ အာဏာရှင်နည်းလမ်းတွေ ကျင့်သုံးလာကြတယ်လို့ ဆိုတယ်။

ဆီတိုးအဖွဲ့ဟာ နောက်ပေါ်လာတဲ့ အာဆီယံတို့လို မအောင်မြင်ဘဲ ကျဆုံးခဲ့တယ်။ သူ့ရဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်မဖော်နိုင်ခဲ့ဘူး။ ပါမောက္ခဘောဟာ ၁၉၅၈လောက်ကတည်းက ဆီတိုးဟာ အရှေ့တောင်အာရှနိုင်ငံတွေကို ကိုယ်စားမပြုဘူး။ အရှေ့တောင်အာရှနိုင်ငံတွေ လုပ်ချင်၊ ဖြစ်ချင်တဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ ဒေသတွင်း ရည်ရွယ်ချက်တွေထက် အနောက်နိုင်ငံတွေရဲ့ ဒေသတွင်းမှာ သူတို့ဖြစ်ချင်တာတွေကို လုပ်ဆောင်ချင်တဲ့ ဆန္ဒတွေ များနေတယ်။ ဒါ့ကြောင့် အောင်မြင်မှာ မဟုတ်ဘူးလို့ တွက်ကိန်းထုတ်ခဲ့တယ်။ သူတွက်ခဲ့အတိုင်းလဲ ဆီတိုးဟာ အရှေ့တောင်အာရှ ဒေသလုံခြုံရေးအတွက် ကာကွယ်ပေးဖို့နဲ့ ငြိမ်းချမ်းရေး ဖွံ့ဖြိုးရေးစတဲ့ လုပ်ငန်းတွေကို လုပ်ဆောင်ပေးဖို့ ဘာမှ မလုပ်ပေးနိုင်ခဲ့ဘူး။

ထိုင်းနိုင်ငံခြားရေး ဝန်ကြီးချုပ် Nai Thanat Khoman ကတော့ အနောက်နိုင်ငံတွေဟာ အရှေ့ရဲ့ လွတ်လပ်ရေးအတွက် တကယ်ပဲ စိတ်ဝင်စားတာလား။ ရေနံကို စိတ်ဝင်စားတာလား။ လာအိုနိုင်ငံမှာ အဲဒီက လူ့ျသန်းခွဲလောက်ရဲ့ အကျိုးစီးပွားကို အနောက်နိုင်ငံတွေက လျစ်လျူရှုထားတယ်။ အဲဒီဒေသမှာ စစ်တိုက်တာတာလဲ ဒေသအကြောင်း ဘာမှ နားမလည်ဘူး။ အနောက်နိုင်ငံတွေနဲ့ မဟာမိတ်ဖွဲ့ထားရတာက တရုတ်ကို စိန်ခေါ်ရန်စနေသလိုပဲ။ ဆီတိုးမှာ အမေရိကန်ရဲ့ ခေါင်းဆောင်နိုင်တဲ့ အစွမ်းအစကို သံသယရှိတယ်လို့ Khoman က ထုတ်ပြောတယ်။ ထိုင်းရဲ့ ဝေဖန်ချက်က ဆီတိုးဘယ်လောက်တောင် အလုပ်မဖြစ်သလဲဆိုတာကို

ပြနေတယ်။ တောင်ဘက် လာအိုမှာ ကွန်မြူနစ်တွေ အားကောင်းလာလလေ ထိုင်းက ဆီတိုးသူ့ကို မကူနိုင်မှာ ကြောက်လေလေ ဖြစ်လာတယ်။ နောက်ဆုံး ဆီတိုးကိုကျော်ပြီး ထိုင်းက အမေရိကန်နဲ့ တိုက်ရိုက် စကားပြောတယ်။ ကွန်မြူနစ်တွေ ကျူးကျော်လာရင် ဆီးတိုး ပါပါ မပါပါ အမေရိကန်က သူ့ကို ကူညီပေးဖို့ ထိုင်းက အကူအညီတောင်းတယ်။[4]

ဆီတိုးကိုဝေဖန်ချက်ဆိုတဲ့ ဆောင်းပါးကိုရေးတဲ့ Ronald Nairn ကတော့ ဆီတိုးဟာ ၈နိုင်ငံပေါင်းလုပ်တာဟာ ၁နိုင်ငံထဲ လုပ်တာထက် ပိုကောင်းတယ်ဆိုတဲ့ ခံယူချက် ၁ခုထဲနဲ့ ဖွဲ့ထားတာဖြစ်တယ်။ စာချုပ်အဖွဲ့ဝင် ၈နိုင်ငံမှာ အခြေခံသဘောထား ဘာမှမတူဘူး။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ ဒေသတွင်း နိုင်ငံရေးနဲ့ ယဉ်ကျေးမှုတွေကို ဘာမှနားမလည်ဘူး။ အမေရိကန်နဲ့ ကျန်တဲ့ ၇နိုင်ငံက စစ်ရေးအရလဲ အင်အားမယှဉ်နိုင်ဘူး။ အဖွဲ့ဝင်နိုင်ငံတွေကြား ပါဝါကွာခြားမှုက အဖွဲ့ကျဆုံးဖို့ ဖြစ်လာတာပဲလို့ သူကဆိုတယ်။

အဖြေတွေကို ဖေ့ဘွတ်ကနေဖြစ်ဖြစ် ဝက်ဆိုက်ကနေဖြစ်ဖြစ် ပေးပို့နိုင်ပါတယ်။ ဖေ့ဘွတ်လိပ်စာက facebook.com/FederalUniv ဖြစ်ပါတယ်။ နောက်သင်ခန်းစာတွေကို စောင့်နားထောင်ဆွေးနွေးကြပါလို့ တိုက်တွန်းပါတယ်။

[4] Nairn (1968) 'SEATO; A Critique.' *Pacific Affairs*, **41: 1**, pp. 5–18